FDB
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma
eBulletin

၂၈ ဖေဖော်ဝါရီလ ၂၀၀၉ | သတင်းလွှာ | အမှတ်စဉ် ၂ / ၂၀၀၉

ကျနော်ပြောချင်တာက မြန်မာပြည်ဟာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အလွန်ကြီးမား၊ ပြင်းထန်၊ ဆိုးသွမ်း၊ ရက်စက်ကြမ်းကြုတ်နေတဲ့အတွက် ဘာနဲ့တူသလဲဆိုရင် ငရဲခန်းကြီးလိုပဲ ဖြစ်နေတယ်။ အဲဒါကြောင့် ခင်ဗျားတို့တွေ နောင်ကိုလာတဲ့အခါမှာ ဟိန္ဒူကုလားမီးနင်းပွဲ လာသလို လာပြီးတော့ မီးပေါ်လမ်းလျှောက်ကြည့်သလို လျှောက်တာမျိုး မလုပ်ပါနဲ့။ ခင်ဗျားတို့ ဆီပူလောင်တာပဲ အဖတ်တင်မှာပဲ။ ဘာမှမထူးဘူး။ လာမည့်လာရင် မီးသတ်သမားပုံစံနဲ့ လာကြပါ။ မီးသတ်သမားတွေလို လာကြပါ။ မြန်မာပြည်မှာ လူ့အခွင့်အရေးချိုးဖောက်မှု လောင်မီးကြီးကျနေတာကို ဝိုင်းဝန်းငြိမ်းသတ်ကြပါလို့ ကျနော်ပြောချင်ပါတယ်၊ မေတ္တာရပ်ခံချင်ပါတယ်။ တောင်းပန်ချင်ပါတယ်၊ ပန်ကြားချင်ပါတယ်။



**လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးမှူး မစ္စတာကင်တားနားနဲ့တွေ့ဆုံဖို့ ငြင်းလိုက်တဲ့ သတင်းစာဆရာကြီးဦးဝင်းတင် ပြောကြား**

# ပဒိုမန်းရှာလာဖန်းကျဆုံးခြင်း ၁ နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနား




၂၀၀၉ ဖေဖော်ဝါရီ (၁၄)ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ကောင်စီ (NCUB)မှ ကမကထပြု၍ ပဒိုမန်းရှာလာဖန်း ကျဆုံးခြင်း ၁နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို ပဒိုမန်းရှာလာဖန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုအခမ်းအနားတွင် ဆရာတော်သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ တရားနာခြင်းနှင့် အမျှအတန်းပေးဝေခြင်းစသည့် ဗုဒ္ဓဘာသာအစဉ်အလာ ဆိုင်ရာ ကုသိုလ်ကောင်းမှုများကို ပဒိုမန်းရှာလာဖန်းအား ရည်စူးပြု လုပ်ကြပါသည်။ တရားပွဲအပြီးတွင် NCUB အဖွဲ့ဝင် အဖွဲ့အစည်းများ အပါအဝင် မဟာမိတ်အင်အားစု အသီးသီးမှ တာဝန်ရှိသူများက အောက်မေ့ဖွယ်စကားဝိုင်း အစီစဉ်ကို ဆက်လက်ကျင်းပကြပါသည်။ ကရင်အမျိုးသားအစည်းအရုံးမှ ဗိုလ်မှူးသာစိန်နှင့် ဆရာမန်းငြိမ်းမောင်၊ NCUB မှ ဦးမြင့်သိဏ်း၊ NDF မှ ဦးခိုင်စိုးနိုင်အောင်၊ ABSDF မှ ကိုမျိုးဝင်း၊ FDB မှ ဒေါက်တာနိုင်အောင်၊ PDC မှ ဦးကျော်ထက်နှင့် DPNS မှ ကိုငွေလင်းတို့က ပဒိုမန်းရှာ အမှတ်တရစကားများ ပြောဆိုကြပါသည်။

“ရန်သူအဆန့်ကျင်ခံရတာဟာ ကိစ္စဆိုးမဟုတ်ဘူး၊ ကိစ္စကောင်းဖြစ်တယ်ဆိုတဲ့ စကားရှိတယ်။ နအဖစစ်အုပ်စုက ဆရာမန်းရှာကို ဘယ်လောက်ကြောက်သလဲဆိုရင် လုပ်ကြံသတ်ဖြတ်ပစ်ချင်လောက်အောင် ကြောက်တယ်။ ဘယ်လောက် မုန်းတီးသလဲဆိုရင် လုပ်ကြံသတ်ဖြတ်ချင်လောက်အောင် မုန်းတီးတယ်၊ ဒါဟာ ဘာလဲဆိုရင် ဆရာမန်းရှာဟာ နအဖ စစ်အုပ်စုရဲ့ လူထုဖိနှိပ်ရေးပေါ်လစီတိုင်း လုပ်ငန်းစဉ်တိုင်းကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်နိုင်သူ၊ တိုက်ခိုက်ရဲသူ ဖြစ်တယ်ဆိုတာကို ဒီဖြစ်ရပ်က တနည်းအားဖြင့် ဖော်ပြလိုက်တာ လည်းဖြစ်ပါတယ်။ ဒီအတွက် ဆရာမန်းရှာကို ကျနော်တို့ဂုဏ်ယူတယ်”ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အထွေထွေအတွင်းရေးမှူး ကိုငွေလင်းက အမှတ်တရစကားတွင် ထည့်သွင်းပြောကြားသွားပါသည်။

# အမှာစကား

နအဖ စစ်အုပ်စုရဲ့ နာဂစ်ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေကို အသက်သွင်းမယ့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ရင် စစ်အုပ်စုက သူ့အာဏာဆက်လက်တည်မြဲရေးဆိုတဲ့ မဟာဗျူဟာရည်မှန်းချက်ပေါ်မှာ ရှုးသွပ်စွာရပ်တည်နေပေမယ့် ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေ၊ နိုင်ငံတကာအုပ်စုတွေကတော့ ဦးတည်ချက်မျိုးစုံ၊ နည်းနာမျိုးစုံ၊ စိတ်ကူးယဉ်မှု မျိုးစုံတွေနဲ့ တကွဲတပြား ဖြစ်နေတာကိုတွေ့ရပါတယ်။ အဲဒီ့ တကွဲတပြားတွေထဲကပဲ တူညီနေတာတခုကတော့ ဒီဖွဲ့စည်းပုံနဲ့ ဒီရွေးကောက်ပွဲရလဒ်ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများတန်းတူရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတွေ အတွက် ဘာမှအာမခံချက်မရှိဘူးဆိုတာပါပဲ။ မြေပေါ်အဓိကအင်အားစုတွေဖြစ်တဲ့ NLD, CRPP, UNA စတဲ့ နိုင်ငံရေးအဖွဲ့အစည်း တွေ၊ ပြည်သူလူထုတွေက နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးပါ၊ ကြိုတင်သက်မှတ်ချက်တွေမပါပဲ တွေ့ဆုံဆွေးနွေးပါ၊ ၂၀၀၈ ဖွဲ့စည်းပုံ ပြန်လည်သုံးသပ်ရေးကော်မတီဖွဲ့ပါ၊ အင်အားစုအားလုံးပါဝင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး နိုင်ငံရေးလုပ်ငန်းစဉ်တွေကို အဖြစ်နိုင်ဆုံးနေရာကစတင်ပါလို့ တောက်လျှောက်ပြောနေပေမယ့်၊ ကုလသမဂ္ဂကလည်း အကျဉ်းသားလွှတ်ပေးဖို့၊ အင်အားစု အားလုံးပါဝင်တဲ့ တိုးတက်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖေါ်ဖို့ဆုံးဖြတ်ချက်ချပေမယ့် စစ်အုပ်စုကတော့ လုစ်လျူရှုရုံသာမက အားလုံးကို စိန်ခေါ်တဲ့အနေနဲ့ မတရားတဲ့ အမိန့်ဥပဒေတွေ၊ တရားစီရင်ရေးတွေ၊ ထောင်တွေ၊ ဖိနှိပ်ရေး ယန္တရားကိရိယာတွေနဲ့ လက်တွေ့မှာ အစွမ်းကုန် ရက်စက်ပြနေပါတယ်။

လတ်တလောလူထုတွေ ဆိုးဝါးစွာ ရင်ဆိုင်ကြုံတွေ့ နေရတဲ့ နာဂစ်သဘာဝဘေးဒုက္ခနဲ့ ကမ္ဘာ့ငွေကြေး ပြဿနာအကျပ်အတည်းကြောင့် အလုပ်လက်မဲ့နဲ့ စီးပွားရေးအခက်အခဲကို ဖြေရှင်း မပေးရုံအပြင် ဘယ်သူသေသေ ငတေမာရင်ပြီးရောစိတ်နဲ့ သာရေး၊ နာရေးကအစ လူမှုရေး၊ ဘာသာရေးနယ်ပယ်တွေကိုပါ အစွမ်းကုန် မျက်လုံးဒေါက်ထောက် စောင့်ကြည့်ပြီး ဖိနှိပ်နေပါတယ်။ ဒါဟာ နအဖစစ်အုပ်စုပြောပြောနေတဲ့ လက်တွေ့နိုင်ငံရေးနဲ့ စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီရဲ့ ပတ်ပျိုးတွေပါပဲ။

၂၀၁၀ ရွေးကောက်ပွဲကနေ ဒီနာဂစ်ဖွဲ့စည်းပုံသာ တရားဝင်အာဏာ သက်ဝင်လို့ကတော့ ဘီလူးဆိုင်းနဲ့ ထွက်လာပြီး ဂုတ်ခွစီးလည်မြိုညစ်တော့မှာ ဖြစ်ပါတယ်။ ဒါကို နအဖစစ်အုပ်စုနောက်လိုက်နဲ့ တချို့ပညာရှင်လိုလို အချောင် သမားလိုလို လူတွေက လက်တွေ့နိုင်ငံရေးကို ကြည့်ပါဆိုပြီး ဒူးထောက်အညံ့ခံဖို့၊ ရသရွေ့ယူဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့တွေကို ဝါဒဖြန့်နှိုးဆော်နေ တိုက်တွန်းနေပါတယ်။ တိုင်းပြည်အခု ရင်ဆိုင်ကြုံတွေ့နေရတာတွေဟာ နအဖကြောင့် မဟုတ်ပဲ ဒေါ်အောင်ဆန်း စုကြည်ကြောင့်လိုလို အန်အယ်ဒီကြောင့်လိုလို ဆူပူသောင်းကျန်းသူတွေကြောင့်လိုလိုနဲ့ ဒီမိုကရေစီအင်အားစုတွေကို အဖျက်သမား ဖြစ်အောင် လက်ညှိုးထိုးနေပါတယ်။ ဒါက နအဖ ဘက်တော်သားလို့ပြောလို့ရတဲ့သူတွေပါ။

ဒီမိုကရေစီဘက်တော်သားပါ တော်လှန်ရေးအင်အားစုပါလို့ပြောနေသူတွေထဲမှာလည်း ၈၈ ကတွက်ရင် အနှစ်(၂၀) ဖြတ်ပြီးတာတောင်မှ ရှိတာကမရှိတာထက်ကောင်းတယ်၊ ရတာကစယူပြီးချဲ့ယူရမယ်၊ ပူးသတ်ရမယ်၊ ငြိမ်းချမ်းတဲ့ နည်းနဲ့ပဲ အောင်ပွဲရ မယ်၊ Sanction ကအလုပ်မဖြစ်ဘူး၊ နိုင်ငံတကာကူမှရမယ်၊ လူမှုရေး စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့က အဓိက၊ လူထုက ကြောက်နေတယ်၊ စစ်တပ်မရှိရင် မဖြစ်ဘူး၊ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖြစ်စဉ်ရဲ့တိုးတက်မှု စသည်ဖြင့် အတွေးအခေါ်တွေ နည်းနာတွေ ဦးတည်ချက်တွေအမျိုးမျိုးရှုပ်ထွေးလှပါတယ်။ နိုင်ငံတကာအင်အားစုတွေဆိုတာက ဒီနေ့ကာလမှာ ကိုယ့်အကျိုးစီးပွားအဓိကမို့ အမျိုးမျိုးဖြစ်တာသဘာဝကျပါတယ်။ နိုင်ငံတကာကြောင့်လည်းပြောင်းလဲတဲ့ ဒီမိုကရေစီနိုင်ငံလည်း မရှိသေးပါဘူး။ ရှိတယ်ပြောရင် မျက်တောင်မွေးတဆုံးကြည့်တာပဲ။ အာဏာကို နှစ်ပေါင်းများစွာ ဆုပ်ကိုင်လာတဲ့ စစ်အုပ်စုကတော့ ကုလသမဂ္ဂကို ဂမ်ဘာရီကို ကင်တားနားကို အိမ်နီးနားချင်းနဲ့ နိုင်ငံတကာကို ဘယ်လိုလှည့်ဖြားရမယ်၊ ကိုင်တွယ်ရမယ်၊ ကစားရမယ်ဆိုတာ အထူးကျွမ်းကျင်ပါတယ်။

ဒါကြောင့် လူမျိုးပေါင်းစုံပြည်သူတွေရဲ့ အလောင်းတွေနဲ့ထပ်နေတဲ့ စစ်အုပ်စုရဲ့လမ်းပြမြေပုံမှာ စစ်ကျွန်ဆက်ပြုမယ့် အခု အဆင့်(၄)ဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသက်သွင်းမယ့် အဆင့်(၅) ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်တိုက်ဖျက်မလား မတိုက်ဘူးလားဆိုတာဟာ ပြည်သူလူထုတစ်ရပ်လုံး ဒီမိုကရေစီအင်အားစုအားလုံး တိုင်းရင်းသားအင်အားစုအားလုံးအတွက် စိန်ခေါ်ချက်ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရေးဆိုတဲ့ မိမိတို့ရဲ့ မဟာဗျူဟာမြောက်ရည်းမှန်းချက်တွေကို အင်အားစုအသီးသီးဟာ မသွေဖီဖို့လိုပါတယ်။ နည်းနာပေါင်းစုံကျင့်သုံးပြီး မိမိရဲ့ ဦးတည်ချက် ရည်မှန်းချက်ကို သွေဖီရင် ကျဆုံးတတ်ပါတယ်။ သမိုင်းတရားခံလည်း ဖြစ်တတ်ပါတယ်။

၂၀၀၉ ၊ ၂၀၁၀ နိုင်ငံရေးတိုက်ပွဲဟာ မြန်မာနိုင်ငံ နိုင်ငံရေးရဲ့ အရေးကြီးတဲ့ အပြောင်းအလဲ အချိုးအကွေ့ဖြစ်ပါတယ်။ ဒီနေရာမှာ သေချာတာတခုကတော့ ကိုယ့်ပြည်သူလူထုကို မယုံကြည်တဲ့သူတွေဟာ အနာဂတ်မှာ နိုင်ငံရေးအရ ရှင်သန်လို့မရဘူး ဆိုတာပါပဲ။

# ကိုရီးယား တက္ကသိုလ်ကျောင်းသားများနှင့် FDB တာဝန်ရှိသူများဆွေးနွေး



တောင်ကိုရီးယား တက္ကသိုလ်ကျောင်းသူကျောင်းသားများနှင့် Amnesty International (S.Korea)မှ တာဝန်ရှိသူများ ပါဝင် သော အဖွဲ့ငယ်တခု ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် ထိုင်း– မြန်မာနယ်စပ်သို့ ရောက်ရှိခဲ့ပါသည်။

ထိုအဖွဲ့သည် ထိုင်း–မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းသို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသားများ၏ အိုးအိမ်ပစ်ထွက်ပြေးပုန်းအောင်းနေကြရသည့် ဒုက္ခများကို လေ့လာခဲ့ကြသည်။

ဤဒုက္ခမှ ကျော်လွှားသွားနိုင်ရေးအတွက် လှုပ်ရှားဆောင်ရွက်နေသော ထိုင်း–မြန်မာနယ်စပ်ရှိ နိုင်ငံရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့ကြပါသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် FDB ရုံးသို့ ရောက်ရှိပြီး ၎င်းတို့မြင်တွေ့ခဲ့ ရသော မြင်ကွင်းများအပေါ် ပြန်လည်ဆွေးနွေးပြီး၊ မရှင်းမလင်းဖြစ်နေသည်များကိုလည်း မေးခွန်းများထုတ်ခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် "မိဘများ အခြေတကျမရှိနိုင်သည့်အတွက် ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများ၊ အတည်တကျမရှိ နိုင်ဖြစ်နေကြရသည့် ဖြစ်ရပ်များအပေါ် အလွန်စာနာမိကြောင်း၊ အခြေအနေမှာ ကြားဖူးထား သည်ထက်ပင် ပိုမိုဆိုးဝါးနေကြောင်း၊ ရွေးကောက်ပွဲနိုင်ထားသည့် ပါတီကို စစ်အစိုးရမှ အာဏာလွှဲမပေးခြင်းအပေါ် ဘယ်လိုမှနားမလည်နိုင်ကြောင်း ကိုရီးယား ကျောင်းသူတဦးမှ ပြောဆိုဆွေးနွေးပြပါသည်။ "

FDB တာဝန်ရှိသူများမှလည်း ဖြစ်ပေါ်လာနိုင်သည့်အခြေအနေနှင့် အလားအလာများကို ရှင်းလင်းပြောပြခဲ့ပြီး FDB မှ ထုတ်လုပ်ဖြန့်ချိထားသော ရွှေဝါရောင်ဒီလိုင်းများ ဗွီစီဒီ အပိုင်း (၁) နှင့် အပိုင်း(၂) တို့ကို ကိုရီးယားကျောင်းသားများသို့ အမှတ်တရထည့်ပေး လိုက်သည်ဟု သိရှိရပါသည်။

# နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှု ညှိနှိုင်းအစည်းအဝေး

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ရုံးခန်းမတွင် "နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှု" အတွက် ညှိနှိုင်းပွဲတခု ပြုလုပ်ခဲ့ကြသည်။

ထိုညှိနှိုင်းပွဲသို့ အလုပ်သမားအရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။



ထိုလှုပ်ရှားမှုကို မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP-B) တို့မှ ကမကထပြုဆောင်ရွက်ကြပြီး ထိုင်းမြန်မာနယ်စပ်အခြေပြုအဖွဲ့အစည်းများ၊ တရုတ်မြန်မာနယ်စပ် အခြေပြုအဖွဲ့အစည်းများ၊ ဘင်္ဂလားဒေ့ရှ် မြန်မာနယ်စပ်အခြေပြုအဖွဲ့အစည်းများနှင့် မြန်မာ့အရေး ဆောင်ရွက်နေကြသော နိုင်ငံတကာရောက် အင်အားစုများ ပါဝင်လက်တွဲဆောင်ရွက်နေကြသည်ဟု သိရှိရပါသည်။

လှုပ်ရှားမှုများဆောင်ရွက်ရာတွင် ရွှေ့ပြောင်းအလုပ်သမားများနှင့် မြန်မာနိုင်ငံသားများကြားတွင် စကားဝိုင်းများပြုလုပ်ခြင်း၊ ဆန္ဒပြုလက်မှတ်များ ကောက်ခံခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဓါတ်ပုံပြပွဲများကျင်းပခြင်း စသည့် အစီအစဉ်များကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

ထိုညှိနှိုင်းအစည်းအဝေး၌ FDB ၏ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်မှ "အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားပေါင်း ၂၁၀၀ကျော် ရှိနေတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေ ကျောင်းသားခေါင်းဆောင်တွေ၊ အမျိုးသမီးခေါင်းဆောင်တွေကို အကျဉ်းချထားတယ်။ တိုင်းပြည်အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတွေအတွက် ကိုယ်ကျိုးစွန့်လုပ်ကိုင် ဆောင်ရွက်နေကြတဲ့ သူတွေကို အခုလို ဥပဒေမဲ့စွာ အကျဉ်းချထားတာဟာ တိုင်းပြည်အတွက် အများကြီးနစ်နာထိခိုက်စေပါတယ်" ဟု ဆွေးနွေးတင်ပြပါသည်။

လှုပ်ရှားမှုကော်မတီ၏ တင်ပြချက်တွင် "မြန်မာနိုင်ငံမှာ ကြုံတွေ့နေရသည့် အကြပ်အတည်းများကို ဖြေရှင်းဖို့အတွက် တွေ့ဆုံဆွေးနွေးကြရမည်၊ တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်ရန်အတွက် ပထမဦးဆုံးခြေလှမ်းတခုအဖြစ် နိုင်ငံရေးအကျဉ်းသားအားလုံး နအဖအစိုးရမှ ချွင်းချက်မရှိ လွှတ်ပေးရမည် " ဟု ဖော်ပြထားပါသည်။

# လူထုလှုပ်ရှားမှုကော်မတီ နှင့် တာဝန်ရှိသူများတွေ့ဆုံ




၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့က လူထုလှုပ်ရှားမှုကော်မတီ (Committee for Mass Movement) မှ တာဝန်ရှိ သူများနှင့် OSI တာဝန်ရှိသူများ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုရုံးတွင် တွေ့ဆုံခဲ့ကြပါသည်။

လူထုလှုပ်ရှားမှုကော်မတီ၏ တာဝန်ရှိသူများမှ နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈) အပေါ် သဘောထား၊ နအဖက ပြုလုပ်ခဲ့သော ဆန္ဒခံယူပွဲနှင့် ဆန္ဒခံယူပွဲရလဒ်အပေါ် သဘောထားနှင့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားများကို ရှင်းလင်းပြောပြပါသည်။

၂၀၀၉–၂၀၀၈ လုပ်ငန်းစဉ်များနှင့် ၂၀၁၀ အလွန်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ထိုလုပ်ငန်းစဉ်များအတွင်း ကြုံတွေ့လာနိုင် သော စိန်ခေါ်ချက်များ၊ အခက်အခဲများနှင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်သော နည်းနာများအပေါ် အပြန်အလှန်ဆွေးနွေး ခဲ့ကြသည်ဟု သိရှိရပါသည်။

လူထုလှုပ်ရှားမှုကော်မတီ ( CMM) ကို NCUB / NCGUB / ENC / WLB / SYCB နှင့် FDB တို့မှ ပြည်တွင်းလုပ်ငန်း ကော်မတီဝင်များဖြင့် ဖွဲ့စည်းထားကြပြီး ထိုကော်မတီသည် (၁၁)ကြိမ်မြောက်မဟာဗျူဟာ ညီနိုင်းအစည်းအဝေးမှ ထပ်မံ အတည်ပြု ပြဋ္ဌာန်းထားသော မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖေါ်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်နေကြပြီဖြစ်သည်ဟု သိရှိရပါသည်။

# (၆၁) နှစ်မြောက် ဇိုမီးအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

၂၀၀၉ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ဇိုမီးကျောင်းသားနှင့် လူငယ်အဖွဲ့ (အရှေ့ပိုင်း)ရုံးတွင် (၆၁)နှစ်မြောက် ဇိုမီးအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပပြုလုပ်ပါသည်။ ဇိုမီး ကျောင်းသား လူငယ်များနှင့် မဟာမိတ်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ လူငယ် တပ်ပေါင်းစုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ ထို အခမ်းအနားတွင် ဇိုမီးကျောင်း သားနှင့် လူငယ်အဖွဲ့၏ တာဝန်ရှိသူမှ ဇိုမီးအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ရှင်းလင်း တင်ပြပြီး (၆၁) နှစ်မြောက် ဇိုမီးအမျိုးသားနေ့ သဘောထား ထုတ်ပြန်ချက်ကို ဖတ်ကြားပါသည်။




ထိုထုတ်ပြန်ချက်တွင် "ယနေ့ အချိန်အခါတွင် နအဖ စစ်အုပ်စု၏ စစ်သံဖနောင့်အောက်တွင် မြန်မာပြည်ရှိ တိုင်းရင်းသား ပြည်သူလူထုများနည်းတူ ကျွန်ုပ်တို့ ဇိုမီးအမျိုးသားများသည် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ဘာသာရေးဖိနှိပ်ခံရခြင်း၊ အဘက်ဘက်မှ ဖိနှိပ်ချုပ်ချယ်ခြင်း၊ စားဝတ်နေရေးကြပ်တည်းလွန်းခြင်းကြောင့် အဘက်ဘက်တွင် ချွတ်ခြုံကျမှုများကို ရင်ဆိုင်နေရပြီး၊ လူ့ဂုဏ်သိက္ခာကင်းမဲ့လောက်အောင် ဒုက္ခအဝဝကို ခံစားနေကြရသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့ ဇိုမီးအမျိုးသားများသည် ထောင်သောင်းချီ၍ နိုင်ငံရပ်ခြားသို့ထွက်ပြေးကြပြီး၊ တိုင်းတပါးအောက်တွင် ကျွန်သဖွယ်၊ ဒုက္ခသည်ဘဝ၊ တရားမဝင် အလုပ်သမား ဘဝကို ရောက်နေကြရသည်။ ဤကဲ့သို့ ခံစားနေရသော ဆင်းရဲဒုက္ခများနှင့် အဘက်ဘက်မှ ချွတ်ခြုံကျမှုများသည် မြန်မာပြည်၏ နိုင်ငံရေးအကျပ်အတည်းများနှင့် အာဏာရူးစစ်အာဏာရှင် လူတစ်စုကြောင့် ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်"ဟု ဇိုမီးကျောင်းသားထုက တင်ပြထား ပါသည်။

ထိုအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCUB) ကိုယ်စား ဖယ်ဒရယ်ရေးရာဝန်ကြီး ခွန်မားကိုဘန်းမှလည်းကောင်း၊ မြန်မာနိုင်ငံ ကျောင်းသားလူငယ်များ ကွန်ဂရက် (SYCB) ကိုယ်စား အထွေထွေ အတွင်းရေးမှူး ကိုထွန်းဇော်မှလည်းကောင်း၊ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုကိုယ်စား ဒုတိယအတွင်းရေးမှူးချုပ် ကိုဝေလင်းမှလည်းကောင်း အမှတ်တရစကားများ ပြောကြားခဲ့ကြသည်ဟု သိရှိရပါသည်။

# အတွေးအခေါ်ကို နှောင်ဖွဲ့လို့မဖြစ်

ကျောင်းသားတွေကို ကျောင်းစာသာ လိုက်စားရမည်ဟု ဗမာပြည်၏ကိုလိုနီအစိုးရများနှင့် ၄၈ ခုနှစ်ဒီဘက်ပိုင်းအစိုးရများက တွင်တွင်ပြောခဲ့ကြသည်။ ကျောင်းသားများကို စာသင်ခန်းများ၊ ကျောင်းပရဝုဏ်များအတွင်း ပိတ်လှောင်ထားရန်လည်း သူတို့က အစဉ်ကြိုးပမ်းခဲ့ကြသည်။ ကျောင်းသားများကို အပြင်လောကနှင့် ဖြတ်တောက်ထားရေးမှာ သူတို့၏ကျောင်းသားရေးရာ ပေါ်လစီများတွင် ထိပ်ဆုံးကပါဝင်သောအချက်တချက်ဖြစ်ပါသည်။

သို့သော်ဗမာနိုင်ငံ၏ သမိုင်းကိုပြန်ကြည့်လိုက်သောအခါ ကျောင်းသားများသည် ကျောင်းသားအရေးများသာမက ပြည်သူ့အရေး၊ ကမ္ဘာ့အရေးများကိုတောင်းဆိုတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ ကျောင်းပရဝုဏ်များထဲတွင်သာမက လမ်းမများပေါ်၊ တောကြိုတောင်ကြားများပါမကျန် တိုက်ပွဲဝင်ခဲ့ကြကြောင်းလည်းတွေ့ရပေသည်။ ကလောင်လက်နက်၊ ပိုစတာလက်နက်၊ ဂျင်ဂလိလက်နက်၊ နောက်ဆုံး တကယ့်ကျည်ဆံထွက်သော လက်နက်များကိုပင် ကိုင်စွဲကာတိုက်ခဲ့ကြကြောင်းကိုလည်း တွေ့ကြရပါသည်။

ဤအချက်များကပြသနေသည်မှာ ဗမာပြည်လိုဖိနှိပ်မှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံနေသည့် နိုင်ငံတခုတွင်ကျောင်းသားများအနေဖြင့် ကိုယ့်လှုပ်ရှားမှုတွေကိုဘယ်တော့မှအချုပ်အချယ်မခံဘူးဆိုခြင်းပင်ဖြစ်သည်။ ဤသို့သောထင်သာမြင်သာ သာဓကများ ရှိနေသည့်အကြားမှပင် အချို့သောသူများသည် အမျိုးသမီးလှုပ်ရှားမှုကို အမျိုးသမီးရေးရာ ကိစ္စသက်သက်တွင်သာကန့်သတ်ထားလိုခြင်း၊ ကျောင်းသားလှုပ်ရှားမှု ကိုလည်းကျောင်းသားရေးရာကိစ္စများ သက်သက်တွင်သာကန့်သတ်ထားလိုခြင်းများ မြင်တွေ့နေရပါသည်။

ဖိနှိပ်သူအစိုးရများ၏ နောက်စိုးရိမ်ချက်တခုမှာကျောင်းသားလှုပ်ရှားမှုကို အခြားအဖိနှိပ်ခံလူ့အလွှာအသီးသီး၏ လှုပ်ရှားမှုများနှင့် ဆက်စပ်မိမှာကို ဖြစ်ပါသည်။ ဤသည်နှင့်တဆက်တည်း အခြားနိုင်ငံရေးအဖွဲ့အစည်းများနှင့် ပတ်သက်မှာကိုလည်း သူတို့ကအလွန်စိုးရိမ်ကြသည်။ ထို့ကြောင့်ပင် သူတို့သည်ကျောင်းသားလှုပ်ရှားမှုတရပ်က အခြားသောအလွှာများ၊ နိုင်ငံရေးအင်အားစုများနှင့် ဆက်စပ်ခြင်းကိုအင်မတန်ကြီးမားသည့် အပြစ်ကြီးတခုသဖွယ်လက်ညှိုးထိုးပြခြင်း၊ အပြစ်ရှာခြင်းများ ပြုလုပ်ကြသည်။ ကျောင်းသားတွေ နိုင်ငံရေးအမြင်ကျယ်မှာ၊ ကိစ္စအဝဝကိုကျယ်ကျယ်ပြန့်ပြန့်စဉ်းစားလာတတ်မှာကို သူတို့စိုးရိမ်ကြသည်။ ကျောင်းသားလောကထဲကို ဗကပ တွေထိုးဖောက်ဝင်နေတယ်ဆိုသော စကားမျိုးဖြင့်ခြောက်လှန့်ခြင်းမျိုးကို ဟိုအရင် အစောကြီးကတည်းက ပြုလုပ်ခဲ့ကြသည်။ ဒီဘက်ခေတ်သမိုင်းတလျှောက် ထောက်လှမ်းရေး ဝါဒဖြန့်ချက်မှန်သမျှလိုလိုတွင် ဤခြေထိုးမှုမျိုးတွေ တွေ့ရပါသည်။ အကျိုးဆက်အနေဖြင့်ယင်းစကားမျိုးကြောင့် ရှိန်းသွားကြသူများလည်း ရှိသလောက်ရှိကြသည်။ တခါတလေတော့ "သန့်ရှင်းသောကျောင်းသား လှုပ်ရှားမှု" ကို စိတ်ကူးယဉ်သူများလည်းရှိခဲ့သလို အချို့ကတော့လည်း နိုင်ငံရေးပါတီများအပေါ်အာဃာတများထားရှိကြသည်။ အထူးသဖြင့် ကိုယ့်တိုက်ပွဲ အရှိန်မြင့်နေချိန်၊ ကိုယ့်တဦးတည်းလုံ့လဖြင့် အောင်ပွဲရတော့ မည်ဟု ထင်မှတ်ရချိန်၊ သို့မဟုတ်အလွန်ကျဆင်းနေချိန်တို့တွင် ဤတွေးခေါ်မှုမျိုးပေါ်တတ်သည်။ သို့သော် လက်တွေ့တိုက်ပွဲမှန်တိုင်းများက ဤစိတ်ကူးများကို လွင့်စင်သွားအောင် ကြမ်းတမ်းခဲ့ပါသည်။ ကျောင်းသားများသည် အခြားအင်အားစုများနှင့် လက်တွဲနိုင်မှ တကယ်မိုးပြိုမြေသိမ့်စေနိုင်သောလှုပ်ရှားမှုများဆင်နွှဲနိုင်ကြောင်းကို ရှစ်လေးလုံးအရေးတော်ပုံကြီးကပြသခဲ့ပါသည်။

ထို့ကြောင့် ကျောင်းသားအရေးကို ဖြေရှင်းလိုလျှင် ပြည်သူလူထုကြီးနှင့်ရော အခြားနိုင်ငံရေးအင်အားစုများနှင့်ပါ လက်တွဲမှဖြစ်မည်ဆိုခြင်းမှာ ဗမာပြည်နိုင်ငံရေးသမိုင်း၏သင်ကြားချက်တရပ်ဟုယူဆရပါမည်။ မနည်းသည့် တန်ဘိုးများပေးပြီး ရထားသည့် သင်ခန်းစာလည်းဖြစ်ပါသည်။ ယနေ့ကာလပြဿနာများကို ရင်ဆိုင်နိုင်ဖို့အတွက်ဆိုလျှင် ကျောင်းသားများအဖို့ ကျောင်းကသင်ပေးသော အသိပညာလောက်နှင့်မျှ မလုံလောက်တော့။ ပြည်တွင်းပြည်ပ အခြေအနေတွေ၊ သမိုင်းတွေ၊ အယူအဆ အမျိုးမျိုးတွေကို အတတ်နိုင်ဆုံးလေ့လာလိုက်စားရန်လိုပါသည်။

စစ်တပ်တတပ်အနေဖြင့် မိမိ၏လှုပ်ရှားမှုဝင်္ကို ဖြစ်စေ၊ အသုံးပြုမည့်လက်နက်ကိုဖြစ်စေ ကန့်သတ်ခဲ့လျှင် ကိုယ့်သေတွင်းကိုယ်တူးရာသာကျပေလိမ့်မည်။ ထို့အတူကျောင်းသားလှုပ်ရှားမှုသည်လည်း မိမိလှုပ်ရှားမည့်နယ်ပယ်ကိုဖြစ်စေ၊ လှုပ်ရှားတိုက်ပွဲဝင်မည့် နည်းနာကိုဖြစ်စေကန့်သတ်ထား၍မဖြစ်ပေ။ ကျောင်းသားသည် ကျောင်းသားအရေးကိုသာတောင်းဆိုမည်၊ ကျောင်းသားသည် ကျောင်းသားနိုင်ငံရေးကိုသာ လုပ်မည်ဆိုသည် စကားမျိုးများဖြင့် ကျွံနေအောင်ပြောဆိုထားတာ၊ ကြေညာထားတာမျိုး မလုပ်သင့်ပေ။ အင်မတန်အပြောင်းအလဲမြန်သော ယနေ့ခေတ်၊ ယနေ့ကမ္ဘာကြီးတွင် အင်မတန်ပျော့ပြောင်း၍ လှုပ်ရှားလို့ ကောင်းသောသေနင်္ဂဗျူဟာတွေ၊ နည်းပရိယာယ်တွေချမှတ်ထားရန် လိုပါသည်။

**မိမိကိုယ်ကိုမိမိ တုတ်နှောင်ရာကျမည့် အယူအဆများကိုလည်း တင်ကြို၍ ချေဖျက်ထားသင့်ပါသည်။ အရေးကြီးသည်မှာ တိုက်ပွဲ၏ ဦးတည်ချက်နှင့် မိမိမဟာမိတ်ဖွဲ့ရမည့် အင်အားတို့ကို ရှင်းလင်းအောင် သိထားဖို့သာ ဖြစ်ပါသည်။**

မောင်ချစ်ခင်

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ ခရီးစဉ်ကယက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဗမာပြည်အရေးကိစ္စကို ပြန်လည်သုံးသပ်ရမယ်လို့ ပြောလိုက်တော့ ဗမာမြည်နိုင်ငံရေးလောကမှာ အတော်လေးလှုပ်ရှားသွားပါတယ်။ အထူးသဖြင့် ပြည်ပရောက်အတိုက်အခံတွေအကြားမှာ ဖြစ်ပါတယ်။ ရေဒီယိုတွေ၊ ဘလော့ဂ်ဆိုက်တွေမှာ အထူးအလေးပေး ပြောဆိုဆွေးနွေးကြတာ ကြား ရဖတ်ရပါတယ်။

အမေရိကန်က သူ့ပေါ်လစီတွေ ပြန်သုံးသပ်မယ်ဆိုတာ ထိတ်လန့်စရာလား။ မဟုတ်ဘူးထင်ပါတယ်။

အမေရိကန်ဟာ အင်အားကြီးနိုင်ငံကြီးတခုအနေနဲ့ သူ့ပေါ်လစီ၊ သူ့ဝါဒတွေကို သူတို့အကျိုးစီးပွားနဲ့အညီ၊ ချမှတ်နေ၊ ပြောင်းလဲနေတာဟာ ဘာမှမဆန်းပါဘူး။ သူတို့ဒီလိုလုပ်တာနဲ့ စမ္ပာနဂိုလ်က နွားပေါင်ကျိုးတာ မဖြင့်သင့်ဘူး ထင်ပါတယ်။ ဗမာပြည်ပြည်သူတွေရဲ့အရေးကို ပိုလို့၊ ပိုလို့များတဲ့ နိုင်ငံတွေရဲ့ ထောက်ခံမှုရတာ ကောင်းပါတယ်။ ဒါပေမယ့် ဒါကိုပဲ အင်မတန်အချက်အခြာကျတဲ့၊ အရေးပါတဲ့အချက်ဖြစ်တယ်ဆိုတဲ့အထိ တွက်လိုက်ရင်တော့ မှားပါတော့မယ်။ ဗမာပြည်ပြည်သူတွေရဲ့အရေးဟာ တခြားတနိုင်ငံက ကူညီတာနဲ့ အောင်ပွဲရမှာ မဟုတ်သလို တခြားတနိုင်ငံက မကူညီတာနဲ့ ရှုံးနိမ့်သွားမှာလည်း မဟုတ်ပါဘူး။

ကျေးဇူးကန်းတာတော့ မဟုတ်ပါ။ ဒါပေမယ့် ထောက်ပြရမှာက အမေရိကန် အခုလို ဗမာပြည်အရေးမှာ ဝင်ပါနေခဲ့လို့ ဒီအနှစ် (၂၀)အတွင်း ဗမာပြည်ရဲ့ ဒီမိုကရေစီအရေးတော်ပုံဟာ အောင်ပွဲနဲ့ ဘယ်လောက်များ နီးလာခဲ့ပါသလဲ။ နအဖရဲ့ ပြည်သူတွေအပေါ် ဖိနှိပ်ရက်စက်မှုတွေကို ဘယ်လောက်များ တားနိုင်ခဲ့ပါသလဲ။ အားနာစွာနဲ့ ပြောရရင် တော့ မထိရောက်ခဲ့ဘူးလို့ပဲ ပြောရမှာပါ။ ဒါကို အခု အမေရိကန်ကိုယ်တိုင်ကလည်းသိလို့ ပြန်စဉ်းစားမယ်ပြောနေတာ ဖြစ်ပါတယ်။ ဝါရှင်တန်က သဘောထားပြောင်းတယ်ဆိုတဲ့အတွက်နဲ့တော့ နအဖအစိုးရရဲ့ အာဏာရှင်လက္ခဏာဟာ နည်းနည်းမှ ပြောင်းလဲ မသွားဘူးဆိုတဲ့ အချက်ကို မျက်ခြေမပြတ်ရေးက အဓိကကျပါတယ်။ (အမေရိကန်အစိုးရကလည်း နအဖရဲ့ လက္ခဏာပြောင်းသွားတဲ့အတွက် သူတို့ရဲ့သဘောထားကို ပြန်သုံးသပ်ရတယ်လို့ မပြောပါဘူး။) ဒါကို အထူးသတိထားသင့်ပါတယ်။ နို့မို့ရင် အမေရိကန်က သဘောထား ပြောင်းတာနဲ့ပဲ ဗမာပြည်ရဲ့ ဒီမိုကရေစီအရေးတော်ပုံ ကြီးဟာ လမ်းစဉ်သစ်၊ လုပ်ငန်းစဉ်သစ်တွေ ချမှတ်ရတော့မလိုလို ဖြစ်လာပါမယ်။ တကယ်ကျတော့ အိမ်ဖြူတော်က လူများက ပိုပြီးလက်တွေ့ကျတဲ့ ပေါ်လစီတွေရှာသလို ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေသူတွေကလည်း ပိုပြီးလက် တွေ့ကျတဲ့ လုပ်ငန်းတွေဆီ ခြေစုံပစ် ဦးလှည့်သင့်ပါတယ်။ စိတ်ကူးယဉ်မှုတွေ ဖယ်ရှားပြီး ကိုယ့်ပြည်သူလူထုရဲ့လက်ကို မြဲမြဲတွဲကြရပါမယ်။ ရွှေငုံးမင်းအဖို့ အမြီးထွက်လာဖို့ မျှော်နေဖို့မလိုတော့ဘူးဆိုရင် ကျန်တာ၊ လုပ်စရာရှိတာကို လုပ်နိုင်တာပေါ့။

အခုအခါ တချို့လူတွေ စိုးရိမ်နေကြတဲ့ နောက်ကိစ္စတခုက နအဖစစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲ ဖြစ်ပါတယ်။ အဲဒီလူတွေဟာ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အတည်ဖြစ်သွားမှာကိုလည်း အလားတူပဲ အစိုးရိမ်ကဲခဲ့ကြပါတယ်။ ဒါကြောင့် သူတို့က ဒါတွေကို ဖျက်ရေး၊ မပေါ်ပေါက်ရေးအတွက် အားသွန်ခွန်စိုက်လုပ်ရမယ်ဆိုတာမျိုး ပြောနေကြပါတယ်။ ပြည်ပဖိအားနဲ့ ရွေးကောက်ပွဲ မကျင်းပဖြစ်အောင် လုပ်နိုင်မယ်ဆိုတာမျိုးတွေ ပြောကြပါတယ်။ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောရရင် ဗမာပြည်ရဲ့ကနေ့အနေအထားမှာ ဒီလိုကိစ္စတွေကို ပြည်ပဖိအားနဲ့ ဖျက်သိမ်းလို့ရမယ်လို့ ယူဆစရာ အကြောင်း တချက်မှ မရှိပါဘူး။ ဒီလိုကိစ္စတွေဟာ လက်ထဲမှာ အာဏာရနေရင် လုပ်လို့ရတဲ့ဟာတွေမို့ ဒီလိုပြောတာ ဖြစ်ပါတယ်။ ဗမာပြည်သမိုင်းထဲက ရွေးကောက်ပွဲဆိုတာ မှန်သမျှကို ပြန်စဉ်းစားကြည့်ပါ။ ၁၉၄၇ ခုနှစ်က တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀၊ အဲဒီနောက် မဆလလက်ထက် ရွေးကောက်ပွဲတွေနဲ့ ၁၉၉၀ ခုနှစ် ရွေးကောက် ပွဲ၊ (ကိုလိုနီလက်ထက်က ရွေးကောက်ပွဲအမျိုးမျိုးကို မပြောတော့ပါဘူး။) အားလုံးကို ပြန်ကြည့်လိုက်ရင် အဲဒီကာလမှာ တိုင်းပြည်ရဲ့ အာဏာကိုရနေတဲ့ အစိုးရတွေက အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲလုပ်ချင်စိတ်ရှိလို့ လုပ်ပေးပြီး ပေါ်ပေါက်ခဲ့တဲ့ ရွေးကောက်ပွဲတွေချည်းဖြစ်ပါတယ်။ ဒါကို တနည်းပြန်ပြောရရင် ရွေးကောက်ပွဲဆိုတာ အာဏာရှိမှ လုပ်လို့ရပါတယ်။ ထပ်ပြီး တနည်းပြောရရင် အာဏာရှိနေရင် ရွေးကောက်ပွဲလုပ်လို့ရပါတယ်။

ဖွဲ့စည်းပုံအုပ်ချုပ်ပုံဆိုတာလည်း အတူတူပါပဲ။ အာဏာဟာ သော့ချက်ဖြစ်ပါတယ်။ ဒါကို မျက်စေ့လည်ရင် ကျန်တာတွေလည်း မှားကုန်တတ်ပါတယ်။

ဗမာပြည်က စစ်အစိုးရဟာ ကမ္ဘာ့သမိုင်းမှာ တိုင်းပြည်အာဏာကို ကာလအရှည်ကြာဆုံးအာဏာဆက်တိုက် ယူထားတဲ့ စစ်တပ်တွေထဲက တခုဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ကို အုပ်ချုပ်တဲ့နေရာ၊ အာဏာကိုကိုင်တဲ့နေရာမှာ ဘာတွေဟာ အရေးအကြီးဆုံးလဲဆိုတာကို သူတို့က ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။ ဒီတိုင်းပြည်မှာသူတို့ လောက် ဘယ်သူမှနားမလည်ဘူးလို့တောင် ပြောရင်ရမယ်ထင်ပါတယ်။ ဒါကြောင့် သူတို့ဟာ အဲဒီအနှစ်လေးဆယ်ကျော် အတွေ့အကြုံထဲကနေ သုံးသပ်နိဂုံးချုပ်ထားတာတွေကို အခြေခံပြီး ဘယ်ဝန်ကြီးဌာနမျိုးတွေကိုတော့ တခြားလူတွေကို ပေးထားနိုင်တယ်ဆိုပြီး ဒီရွေးကောက်ပွဲကို လုပ်တာပါ။ ဒီရွေးကောက်ပွဲမှာ ဘယ်သူပဲ ဘယ်လောက်နိုင်နိုင်၊ သူတို့ စစ်အုပ်စု ရဲ့အာဏာနဲ့စည်းစိမ်ကို နည်းနည်းမှ အန္တရာယ်မပြုနိုင်ကြောင်း သေချာအောင် လုပ်ပြီးမှ ဒီရွေးကောက်ပွဲကို လုပ်ပေးတာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမလုပ်နိုင်လို့ ပျက်သွားလည်း နအဖအဖို့က အရင်းပဲဆိုတာကို မေ့လို့မဖြစ်ပါ။ အာဏာဟာ သူတို့ရဲ့ လက်ထဲမှာပဲ ကျန်ရစ်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် အစိုးရတရပ်ဟာ ဖွဲ့စည်းပုံတွေ၊ ရွေးကောက်ပွဲတွေ လုပ်နိုင်တဲ့အတွက် အာဏာမြဲသွားပါလေ ရောလို့တော့ မပြောနိုင်ပါဘူး။ အဲဒီလို အစိုးရတရပ်ရဲ့ ဖွဲ့စည်းမှုသမဏ္ဍာန်ပိုင်းနဲ့ပြောရရင် ဖဆပလ၊ ပထစ၊ မဆလ၊ အဲဒီ အစိုးရတွေအားလုံးပြည့်စုံတယ်လို့ဆိုရပါမယ်။ ဒါပေမယ့် အဲဒီအစိုးရတွေအားလုံးဟာ ပျောက်ကွယ်ချင်တော့လည်း တမုဟုတ်ချင်းပဲ ပျောက်ကွယ်သွားတာပဲ မဟုတ်ပါလား။

ဒါကိုမမြင်ပဲ နအဖရဲ့ ဖွဲ့စည်းပုံဥပဒေနဲ့ ရွေးကောက်ပွဲတို့ကို ပိုတွက်သူတွေဟာ "မဆန့်ကျင်နိုင်ရင် ဝင်ပူးမှ" (When you can't resist, join 'em) ဆိုတဲ့ ဆောင်ပုဒ်ကို ကျင့်သုံးချင်လာကြပါတယ်။ အဲဒီအတွက် သဘော တရားတွေ ရှာကြံထုထောင်ကြပါတယ်။ တဆက်တည်းမှာ တခြားမြေခွေးတွေကိုလည်း အမြီးဖြတ်ခိုင်းကြပါတယ်။ ဒီလိုလုပ်တာကို ပြည်တွင်းရော၊ ပြည်ပမှာပါ အခုတလောတွေ့နေရပါတယ်။ တကယ်က သူတို့ပြောနေတာတွေဟာ ကိုယ့်ဖက်က အလျှော့ပေးရေးသာဖြစ်ပါတယ်။ ဒီလိုအတွေးအခေါ်ရှိသူတွေအဖို့တော့ အမေရိကန်အစိုးရက ပေါ်လစီ ပြောင်းတယ်ဆိုရင် သူတို့ရဲ့ အလျှော့ပေးရေးဝါဒအတွက် အကြောင်းပြစရာအချက်တချက် ရသွားမှာ မုချပါပဲ။

သူတို့တော်တော်များများပြောလေ့ရှိတဲ့စကားတခွန်းက နအဖပေးသမျှ ဒီမိုကရေစီကို ယူထားပြီး နောက်မှ တဖြည်းဖြည်းပုံသွင်းယူမယ်။ ပြောင်းယူမယ်ဆိုတာပါပဲ။ ဒါဟာ လှောင်ချိုင့်တခုထဲမှာ လူသားစားကျားနဲ့အတူနေပြီး အဲဒီကျားကို လိမ္မာအောင် ပုံသွင်းယူမယ်လို့ပြောတာနဲ့ တူမနေပေဘူးလား။ အဲဒီလိုအဆိုတင်နေသူတွေကို နောင်မှ ဘယ်နပြာကြီးအောက်သွားမရှိဖြစ်မလဲ စောင့်ကြည့်ရတာပေ့ါလို့ပဲ ပြောလိုက်ဖို့ ကောင်းပါတယ်။

ပြန်ချုပ်ရရင် ဒီနေ့နိုင်ငံတကာအပြောင်းအလဲတွေက ဗမာပြည်ပြည်သူတွေရဲ့ အရေးတော်ပုံကို ဆက်လက် သယ်ဆောင်ရေးအတွက် ပြည်တွင်းက ပြည်သူလူထုကလွဲလို့ ဘယ်သူ့ကိုမှအားကိုးလို့ မဖြစ်ဘူးဆိုတာကို ထပ်ပြီး ထင်ထင်ရှားရှား သက်သေပြနေပါတယ်။ ပြည်တွင်းမှာ ထိထိရောက်ရောက် တခုခုဖြစ်ပါမှ အခြေခံကျတဲ့ အပြောင်းအလဲမျိုး ဖြစ်မယ်ဆိုတာ အမြဲသတိရနေသင့်ပါတယ်။ အထူးသဖြင့် ရောဝတီ မြစ်ရိုးတလျှောက်မှာ ဖြစ်ပါတယ်။

**ရဲဘော်ဖိုးသံချောင်း**

# လက်တွေ့ဦးရွှေအုံး၏ လက်တွေ့နိုင်ငံရေး

**တူမောင်ညို**

## ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

မတတ်နိုင်တော့ပါ၊

ယင်းကဲ့သို့ပင် ခေါင်းစဉ်တတ်လိုက်ရပါတော့သည်။

ကျနော်တို့ မြန်မာပြည်နိုင်ငံရေးလောကထဲမှာ အလွန်လက်တွေ့ကျသော တုန့်ပြန်မှုတစ်ခုအဖြစ် မှတ်ယူရပါ တော့မည်။

အင်မတန်ပြတ်သားလှပသည်။

"ငရဲပြည်မှာ ရောက်နေရင် ငရဲပြည်လိုပဲ ကျင့်ကြံရမှာပဲ" ဆိုပါသည်။

"ဒယ်အိုးထဲတွင်ပူ၍ မီးပုံထဲသို့ခုန်ချခြင်း " အဖြစ်မျိုးသာ မဖြစ်ပါစေနဲ့ ဦးရွှေအုံးအတွက် ဆုတောင်းပေးရပါ တော့မည်။

"မနိုင်ရင် သူ့အောက်လျှိုဝင်လိုက်" ဆိုသူများနှင့် "နိုင်ငံရေးဆိုတာ (Static) မဟုတ် (Dynamic) "ဟု ပြောဆို နေသူများအတွက်လည်း မိုငြမ်းကိုးကားစရာတစ်ခု ဖြစ်နေလေမလား မပြောတတ်ပါ။

လက်တွေ့ကျသော ဦးရွှေအုံး၏ လက်တွေ့များကို လက်လှမ်းမီသ၍ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"အဲဒါကို ကျနော် အစကတည်းက ပြောတယ်။ မကြိုက်ဘူး၊ မထောက်ခံဘူး၊ ဒါပေမယ့်မလွဲသာမရှောင်သာ လက်ခံတယ်၊ ထောက်ခံတာနဲ့ လက်ခံတာ တခြားစီပဲလေ၊ နောက်ဆုံးရွေးကောက်ပွဲ၊ ဆန္ဒခံယူပွဲ ကျနော်တို့ မထောက်ခံဘူးလို့ ကျနော်တို့အော်နေတာပဲ၊ ဒါပေမယ့် ပြီးသွားပြီ၊ ပြီးသွားပုံပြီးသွားနည်းကို ကြိုက်လည်း မကြိုက်ဘူး၊ ဒါပေမယ့် အဲဒါကို ဖျက်ဖို့ ကျနော်တို့ အင်အားမရှိဘူး "

“နိုင်ငံရေးမှာ ဖြစ်ပြီးတဲ့ ကိစ္စတစ်ခုကို ကျနော်တို့ကြိုက်တာ မကြိုက်တာ ဘာမှမဆိုင်ဘူး။ မကြိုက်ရင်လည်း ဖျက်လို့ မရရင် ကျနော်တို့ ဒီအတိုင်းပဲ လက်ခံရမှာပေ့ါ၊ ဒါနိုင်ငံရေးမှာတော့ လက်တွေ့နိုင်ငံရေးခေါ်တာပေ့ါ၊ ကိုယ်ဖြစ်ချင်တာ၊ ကောင်းတာ၊ သိပ်ပြီးတော့ အကျိုးရှိတာ အဲဒါတွေ စိတ်ကူးယဉ်နေလို့မရဘူးလေ၊ အခုလက်ရှိ ဘာဖြစ်နေသလဲ၊ ဖြစ်နေတဲ့ ဟာကို ဖြစ်နေတဲ့အခြေအနေအပေါ်မှာ မူတည်ပြီးလုပ်တာ အဲဒါမှ လက်တွေ့နိုင်ငံရေး”

“အဲဒီလိုမှမဟုတ်ဘဲ ကိုယ့်ရည်မှန်းချက်ကြီးက နိဗ္ဗာန်သွားဖို့ ဆိုပြီး ပြောနေပြီးတော့ လော လောဆယ် ရောက်နေ တာက ငရဲပြည်မှာ ရောက်နေတာ၊ ငရဲပြည်မှာ ရောက်နေရင် ငရဲပြည်လိုပဲ ကျင့်ကြံရမှာပဲ၊ နိဗ္ဗာန်ရောက်အောင်တော့ သွားတော့သွားမှာပေ့ါ၊ နိဗ္ဗာန်မရောက်သေးဘဲနဲ့ ငရဲပြည်မှာ နိဗ္ဗာန်လို ကျင့်နေမယ်ဆိုရင် တလွဲစီဖြစ်နေမှာပေ့ါ၊ ဒါ လက်တွေ့နိုင်ငံရေးမှ မဟုတ်တော့တာ”

*(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁၊ ဒီဗွီဘီ သတင်း ဌာနသို့ ပြောကြား ချက်မှ)*

(ပြည်ထောင်စု ဒီမိုကရေစီ အဖွဲ့ချုပ်အမည်ဖြင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဇန်နဝါရီလ ၂၆ ရက်နေ့စွဲဖြင့် (နအဖ) ဥက္ကဋ္ဌ၊ ပြည်ထဲရေးနဲ့ ၁၉၉၀ ရွေးကောက်ပွဲလက်ကျန် ရွေးကောက်ပွဲကော်မရှင်တွေထံ တရားဝင် စာရေးအကြောင်းကြားထားပြီး ဖြစ်ကြောင်း)

“မေလ (၁၀)ရက်နေ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ကျွန်ုပ်တို့အတွက် နောက်ဆုံး ထွက်ပေါက်ဖြစ်သည်။ ထိုထွက်ပေါက်မှ နောက်ဆုံး မထွက်နိုင်ကြလျှင် ကျွန်ုပ်တို့ ကံကြမ္မာသည် ပြန်လမ်းရှိတော့ မည်မဟုတ်၊ ထို့ကြောင့် ဆန္ဒမဲပေးခြင်းကို မိမိနှင့် မဆိုင်သလို လျစ်လျူမရှုပါနှင့်။ သေရေးရှင်ရေးတမျှ အရေးကြီးသည်ကို သဘောပေါက်ကြပါ။ မဲရုံကို သပိတ်မှောက်ကြခြင်းသည် ထိရောက်မှု မရှိနိုင်။ ထွက်ပေါက်အတွက် ရရှိထားပါလျက် သော့ကိုမသုံးတတ်သူ ဖြစ်သွားပါလိမ့်မည်။ မဲရုံသို့သွားကြပါ။ ကန့်ကွက်မဲဆက်ဆက်ပေးခြင်းဖြင့် မိမိတို့၏ အသက်ကို မိမိကိုယ်တိုင်ကယ်ကြပါ”

*(ဦးရွှေအုံး၊ ရှမ်းဝါရင့်နိုင်ငံရေးသမားကြီး၏ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ ပန်ကြားချက်မှ”*

“ယခင်ချမှတ်ပြီးသော အခြေခံမူ (၁၀၄)ချက်သည် ပန္နက်ရိုက်ခြင်း၊ အိမ်မကြီးကိုဆောက်ခြင်း၊ အခန်းဖွဲ့ခြင်းစသော အဓိကပင်မလုပ်ငန်း ဖြစ်ပါသည်။ ယခု ဆက်လက်ကျင်းပနေသည်မှာ ပြူတင်းတံခါး တပ်ဆင်ခြင်း၊ ရေသွယ်ခြင်း၊ မီးဆင်ခြင်း စသော သာမန်လုပ်ငန်းမျှသာ ဖြစ်ပါသည်။ ဤပုံစံအတိုင်း ဆက်သွားခဲ့လျှင် (ဆက်သွားရန်လည်း အလားအလာရှိရာ) ကျွန်တော်တို့ နိုင်ငံသားများသည် နှစ် (၄၀၀)မျှ အမြဲတန်းစစ်အစိုးရ လက်အောက်တွင် ခံကြရဦးမည်ဟုသာ မြင်မိပါသည်။ အင်္ဂလိပ်ဥပမာလို ဒယ်အိုးထဲတွင်ပူ၍ မီးပုံထဲသို့ ခုန်ချခြင်းဟု ခံစားမိပါသည်။ ကျွန်တော်တို့ ဗမာတွေ စာမရှိမျိုးမှ စာကလေးမျိုး ရောက်မှန်း မသိ ရောက်နေပါပြီ၊ ဒို့ဗမာ သီချင်းထဲကလို ဒို့ခေတ်တွင်မှ ညှံ့ကြတော့မှာလား ဟု ညည်းညူရပါတော့မည်”

*(ဦးရွှေအုံး၏ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်၊ (အမျိုးသားညီလာခံနှင့် ငြိမ်းချမ်းရေးအဖွဲ့များ ဆက်သွယ်မှု သမိုင်းအကျဉ်း) ဟူသော ရေးသားချက်မှ)*

ဦးရွှေအုံး၏ လက်တွေ့များကို ၂၀၀၉ ခုနှစ်၊ ဖေဖေဝါရီလ (၁)ရက်နေ့က ထုတ်ပြန်ခဲ့သော (မြန်မာအရေးနှင့် စပ်လျဉ်း၍ ဝါရင့်နိုင်ငံရေးလုပ်ဖေါ်ကိုင်ဖက်များ၏ ရပ်တည်ချက် သဘောထား” ကြေညာချက်မှ အောက်ပါ အချက်ဖြင့် နိဂုံးချုပ်ပေးလိုက်ပါသည်။

“မိမိတို့ကိုယ်တိုင် နဝတ – နအဖ လွှတ်လပ်၍ တရားမျှ တစွာ ကျင်းပ ပေးခဲ့သော ရွေးကောက်ပွဲရလဒ် (၁၉၉၀) အကောင်အထည်ဖေါ်မပေးဘဲ၊ နောက်ထပ်ရွေးကောက်ပွဲ (၂၀၁၀) တစ်ရပ် ကျင်းပခြင်းသည် ဒီမိုကရေစီ အစဉ်အလာ ကောင်းတစ်ရပ် မဖြစ်နိုင်သဖြင့် ရပ်ဆိုင်းပေးရန်”

“ မိမိတို့ကိုယ်တိုင် နဝတ – နအဖ လွှတ်လပ်၍ တရားမျှတစွာ ကျင်းပပေးခဲ့သော ရွေးကောက်ပွဲ ရလဒ် (၁၉၉၀) အကောင်အထည် ဖေါ် မပေးဘဲ၊ နောက်ထပ် ရွေးကောက်ပွဲ (၂၀၁၀) တစ်ရပ် ကျင်းပခြင်းသည် ဒီမိုကရေစီ အစဉ်အလာကောင်းတစ်ရပ် မဖြစ်နိုင်သဖြင့် ရပ်ဆိုင်းပေးရန် ”

**တူမောင်ညို**

# လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားကို တွေ့ဆုံရန် သတင်းစာဆရာကြီး ဦးဝင်းတင်က ငြင်းလိုက်သည့်အပေါ် ဆက်သွယ်မေးမြန်းချက်

VOA– ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်



*မစ္စတာကင်တားနားက သူမပြန်ခင်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလုပ်အမှုဆောင်တဦးလည်းဖြစ်၊ နှစ်ရှည်နိုင်ငံရေး အကျဉ်းသားဟောင်း တဦးလည်းဖြစ်တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်ကို တွေ့ဆုံချင်ပါတယ်ဆိုပြီး ဒီနေ့ညနေပိုင်းမှာ မြန်မာ အာဏာပိုင်တွေက သွားခေါ်ပေမယ့် ဦးဝင်းတင်က ငြင်းလိုက်ပါတယ်။ ဘာကြောင့် အခုလို လူ့အခွင့်အရေးကိုယ်စားလှယ်နဲ့ တွေ့ဆုံဖို့ ငြင်းလိုက်သလဲဆိုတာကို မသင်းသီရိက ဆက်သွယ်မေးမြန်းတဲ့အခါ ဦးဝင်းတင်က အခုလိုစဖြေပါတယ်။*

“မစ္စတာကင်တားနားနဲ့တွေ့ဖို့ ရေတွေဘာတွေ ချိုးထားပါ၊ စိမ်းလဲ့ကန်သာမှာ သွားတွေ့ရမယ်၊ လာခေါ်တော့မယ်လို့ ပြောတယ်။ ကျနော်က ပြောလိုက်တယ်၊ ကျနော်ရေလည်းမချိုးနိုင်ဘူး၊ တွေ့လည်းမတွေ့နိုင်ဘူး၊ တွေ့ဖို့လည်း မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ခေါ်တိုင်း ကျနော် ဘယ်လိုက်နိုင်မလဲ။ ကျနော့်အဖွဲ့ချုပ်ကသိသလား၊ အဖွဲ့ချုပ်က စီအီးစီကို ဖိတ်ရဲ့လား၊ နောက် အခုတွေ့တာ ဘယ်ပုံစံနဲ့တွေ့တာလဲ၊ ခင်ဗျားတို့က ဘာလို့ကျုပ်ကို လာခေါ်ရတာလဲဆိုတော့ မဟုတ်ပါဘူးတဲ့၊ မစ္စတာ ကင်တားနားက ကျနော့်ကို ပုဂ္ဂိုလ်ရေးအရ တွေ့ချင်တယ်တဲ့၊ အန်အယ်လ်ဒီတို့ ဘာတို့ မဖိတ်ပါဘူးတဲ့၊ အဲဒါနဲ့ ကျနော် ငြင်းလိုက်တယ်။ မတွေ့နိုင်ဘူး၊ ကျနော် တွေ့ဖို့လည်းရည်ရွယ်ချက်မရှိဘူးလို့ ပြောလိုက်တယ်။ အဲဒါပါပဲ။ ကျနော် လက်ခံမတွေ့တာက အစိုးရလုပ်လို့ ဘာတို့ မဟုတ်ဘူးခင်ဗျ။ နည်းလမ်းတကျမလုပ်လို့။ နည်းလမ်းတကျမလုပ်ဘဲနဲ့ ကျနော့်ကိုဖွဲ့ထုတ်ပြီးတော့ တယောက်တည်းလာပြီး ခေါ်တွေ့ဖို့ အစိုးရက စီစဉ်ပေးတယ်ဆိုတာမျိုးကို လက်မခံနိုင်ဘူး။ လက်မခံနိုင်တဲ့အတွက် ကျနော် ငြင်းလိုက်တာ။”

*အခုလိုဆိုတော့ စစ်အစိုးရက ဖွဲ့ထုတ်ပေးတာမဟုတ်ဘဲနဲ့ မစ္စတာကင်တားနားကိုယ်တိုင် ဆရာ့ကို သီးသန့်ပုဂ္ဂိုလ်ရေးအရ တွေ့ချင်တာမျိုးလို့ရော ယူဆလို့မရဘူးလား။*

“ယူဆမယ်ဆိုလည်း ယူဆနိုင်တာပေါ့ဗျာ။ ဒါပေမယ့် လာတဲ့ချန်နယ်က ဘယ်ကလာလဲဆိုတာတော့ တည်တာပေါ့ဗျာ။ လာတဲ့ချန်နယ်က အစိုးရက စီစဉ်ပေးတဲ့ အစီအမံအတိုင်းပဲ သူလုပ်ရမယ်။ ဆိုလိုတာက သူ့ခရီးစဉ် တလျှောက်လုံးတောင်မှ အစိုးရရဲ့အစီအမံနဲ့ ဟိုသွား၊ ဒီသွား၊ ဟိုလူတွေ့၊ ဒီလူတွေ့၊ ဆိုတဲ့အတိုင်းပဲ လုပ်သွားတဲ့ဟာမှာသူက ကျနော့်ကို ပုဂ္ဂိုလ်ရေးအရ တွေ့ချင်တဲ့သဘော ရှိကောင်းရှိမယ်။ သို့သော်အစိုးရရဲ့ ဟိုဟာလုပ်၊ ဒီဟာလုပ်၊ ဟိုလူ့ခေါ်၊ ဒီလူ့ခေါ် ဆိုတာမျိုးကို ကျနော် သူ့အတွက်လည်း လက်မခံနိုင်ဘူး၊ သူ့ခရီးစဉ်မှာ အဲဒီလိုစီမံတာလည်း လက်မခံနိုင်ဘူး။အလားတူပဲ ကျနော့်အနေနဲ့လည်း ဒီလိုဟာမျိုးကို လက်မခံနိုင်ဘူး။ ပုဂ္ဂိုလ်အရရော၊အဖွဲ့အစည်းဝင် တယောက်အနေနဲ့ရော လက်မခံနိုင်တဲ့အတွက် ကျနော် ငြင်းလိုက်တာဖြစ်ပါတယ်။”

*ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်က ဆရာကြီး ဦးဝင်းတင်ကို သီးသန့်တွေ့ဖို့ ဖိတ်တဲ့အခါ ဆရာ့အနေနဲ့ အခုလို သွားမတွေ့လိုက်တာဟာ တိုင်းပြည်အတွက်နစ်နာတယ်လို့ ဆရာ မထင်ဘူးလားရှင့်။*

“မထင်ပါဘူး။ လုပ်ငန်းတခုဆိုတာ ပုံမှန်၊ နည်းမှန် လုပ်မှသာလျှင် ဖြစ်မှာပေ့ါ။ ဥပမာကျနော်က ကင်တားနားနဲ့ သွားပြီး လက်ဝါးချင်းရိုက်နေလို့ တိုင်းပြည်မှာ ဘာအကျိုးရှိမှာလဲ၊ ဘာမှမရှိနိုင်ဘူး။ ကင်တားနားနဲ့ သွားပြီး လက်ဝါးချင်း မရိုက်တဲ့အတွက်ရောတိုင်းပြည်မှာ ဘာအကျိုး ယုတ်စရာရှိလဲ၊ ဘာမှမရှိဘူး။ အလုပ်တခုက နည်းမှန်၊လမ်းမှန်၊ စနစ်မှန်နဲ့ လုပ်မှသာလျှင် အကျိုးဖြစ်ထွန်းမှုဆိုတာ ရှိနိုင်တာပေါ့။ ဒီဟာတွေမရှိဘဲနဲ့ နှစ်ယောက်ချင်းကိစ္စ၊ သုံးယောက်ချင်းကိစ္စ လုပ်လို့ ဘယ်ရမလဲ။ အမှန်အတိုင်းပြောရရင် ဒီလူ့အခွင့်အရေးကိစ္စကို ဖြေရှင်းတဲ့နေရာမှာ ကုလသမဂ္ဂကမစ္စတာကင်တားနား အရေးကြီးသလိုပဲ ဒီလူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ကျူးလွန်နေတဲ့ နအဖအစိုးရလည်း အရေးကြီးတယ်ဗျာ။ နောက်တခါ ဒီလူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ရပ်တန်းကရပ်ပါ၊ တော်ပါတော့၊ ပြုပြင်ပါတော့၊ ပိတ်ပင်ပါတော့၊ရပ်စဲပါတော့လို့ တောင်းဆိုနေတဲ့ အန်အယ်လ်ဒီလို နိုင်ငံရေးအင်အားစုကလည်းအရေးကြီးပါတယ်။ အဲလို သုံးဦးသုံးဖလှယ် အရေးကြီးနေတဲ့နေရာမှာ ကျနော် တယောက်တည်း ဝင်ပြီးပြောလို့တော့ ဘာမှမထူးနိုင်ဘူး”လို့ ကျနော်ယူဆတယ်။

အဲဒါကြောင့် ကျနော်က ငြင်းလိုက်တာ။

“ကျနော်ပြောချင်တာက မြန်မာပြည်ဟာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အလွန်ကြီးမား၊ ပြင်းထန်၊ ဆိုးသွမ်း၊ ရက်စက်ကြမ်းကြုတ်နေတဲ့အတွက် ဘာနဲ့တူသလဲဆိုရင်ငရဲခန်းကြီးလိုပဲ ဖြစ်နေတယ်။ အဲဒါကြောင့် ခင်ဗျားတို့တွေ နောင်ကို လာတဲ့အခါမှာဟိန္ဒူကုလားမီးနင်းပွဲလာသလို လာပြီးတော့ မီးပေါ် လမ်းလျှောက်ကြည့်သလို လျှောက်တာမျိုး မလုပ်ပါနဲ့။ ခင်ဗျားတို့ ဆီပူလောင်တာပဲ အဖတ်တင်မှာပဲ။ ဘာမှမထူးဘူး။ လာမယ့်လာရင် မီးသတ်သမားပုံစံနဲ့ လာကြပါ။ မီးသတ်သမားတွေလို လာကြပါ။မြန်မာပြည်မှာ လူ့အခွင့်အရေးချိုးဖောက်မှု လောင်မီးကြီးကျနေတာကို ဝိုင်းဝန်းငြိမ်းသတ်ကြပါလို့ ကျနော်ပြောချင်ပါတယ်၊ မေတ္တာရပ်ခံချင်ပါတယ်၊ တောင်းပန်ချင်ပါတယ်၊ ပန်ကြားချင်ပါတယ်။”

**လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးမှူး မစ္စတာကင်တားနားနဲ့ တွေ့ဆုံဖို့ ငြင်းလိုက်တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင် ပြောပြသွားတာဖြစ်ပါတယ်။**

## စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားဖို့ စစ်အစိုးရတောင်းဆိုချက်အပေါ် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်၏ ပြောကြားချက်

VOA / ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်



“အဓိကကတော့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ရပ်တန့်ပေးဖို့ ဖြစ်ပါသည်။ မတရားတဲ့ဥပဒေတွေကို ဖျက်သိမ်းပေးဖို့၊ မတရားတဲ့ တရားစီရင်ရေးစနစ်တွေ ဖျက်သိမ်းပေးဖို့ ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ ဖြစ်ပါသည်။ ဗမာပြည်ရဲ့ နိုင်ငံရေး ပြဿနာတွေကို အဖြေရှာနိုင်ဖို့အတွက် ၉၀ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ NLD ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသား အင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးရေးတွေ လုပ်ပြီးတော့ ရှေ့ဆက်ဖို့ လိုပါတယ်။ နောက်တခုက တိုင်းရင်းသားတွေအပေါ် ဆင်နွှဲနေတဲ့ ထိုးစစ်တွေကို ရပ်တန့်ပြီးတော့ နိုင်ငံရေးအရ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ဖို့လိုပါတယ်။ အဲဒါမှပဲ အားလုံးက ဆန့်ကျင်တာတွေ၊ ပိတ်ဆို့ထားတာတွေ အရေးယူထားတဲ့ ကိစ္စတွေက ရပ်တန့်သွားနိုင်မှာပါ။”

## မြန်မာ့အရေးနှင့်ပတ်သက်၍ အမေရိကန်စီးပွားရေးပိတ်ဆို့မှုအပေါ် FDB (policy board ) အဖွဲ့ဝင် ဦးအောင်မိုးဇော်နှင့် BBC မှ ဆက်သွယ်မေးမြန်းချက်

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်



BBC ။ ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟန်လာရီကလင်တန်ဟာ အာရှခရီးစဉ်အတွင်း ဒီမြန်မာနိုင်ငံအပေါ်မှာ စီးပွားရေး ပိတ်ဆို့တာရော၊ အပြုသဘောဆက်ဆံတာရော၊ အလုပ်မဖြစ်တဲ့အတွက် သူတို့ရဲ့ မူဝါဒတွေ ပြန်ပြီးသုံးသပ်ဖို့ ပြောသွားပါတယ်။ အဲ့တော့ ဒီအမေရိကန်အစိုးရရဲ့ ပေါ်လစီအပြောင်းအလဲနဲ့ ပတ်သက်လို့ ပြည်ပမှာရှိတဲ့ ဒီမိုကရေစီအင်အားစုတွေရဲ့အမြင်ကို သိရအောင်လို့ FDB လို့ခေါ်တဲ့ ပြည်ပရှိ မြန်မာနိုင်ငံဒီမိုကရေစီအင်အားစု အဖွဲ့ဝင်ထဲက ပေါ်လစီဘုတ်အဖွဲ့ဝင် ဦးအောင်မိုးဇော်ကို ဆက်သွယ်မေးမြန်းထားပါတယ်။

**ဦးအောင်မိုးဇော်**။ ။ ကျနော်တို့တိုင်းပြည်အပြောင်းအလဲတွက်ပေ့ါနော် အမေရိကန်ပြည်ထောင်စုအနေနဲ့ နည်းလမ်းရှာတာ ကောင်းတယ်လို့ ကျနော်တို့တော့ အဲ့လိုအခြေခံအားဖြင့် ယူဆလို့ရပါတယ်။ သို့သော်လည်းပဲ လက်ရှိ ရှိထားတယ်ပေ့ါနော်၊ ဒီစီးပွားရေးပိတ်ဆို့မှု ( Sanction ) ဆက်ပြီးတော့ ထိန်းထားဖို့ လိုအပ်လိမ့်မယ်လို့ ကျနော်တို့အနေနဲ့ ယူဆပါတယ်။ ဒီ နအဖ စစ်အုပ်စုအနေနဲ့က ၂၀၁၀ ရွေးကောက်ပွဲ ဆိုပြီးတော့ အစမ္မသူတို့ဘာသာသူတို့သွားမယ်ဆိုတဲ့ သဘောတော့ရှိတယ်။ ကျနော်တို့အနေနဲ့ အမေရိကန်ပြည်ထောင်စုကို ဖြစ်စေချင်တာကတော့ အမေရိကန်ပြည်ထောင်စုကိုယ်၌က ဦးစီးဦးဆောင် လုပ်ပြီးတော့ ဒီ (၂၀၁၀) ရွေးကောက်ပွဲကို ကန့်ကွက်စေချင်တယ်။ သူတို့ နာဂစ်ကာလက လုပ်ထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကို လက်မခံစေချင်ဘူး၊ အသိအမှတ်မပြုစေချင်ဘူး။ တတိယတစ်ချက်အနေနဲ့ ကျနော်တင်ပြချင်တာကတော့ ကျနော်တို့တိုင်းပြည်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ၊ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးခွန်ထွန်းဦးတို့အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ဖို့လိုတယ်။

BBC ။ ။ ဟုတ်ကဲ့ ဒီ (FDB) လို့ခေါ်တဲ့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုတွေအနေနဲ့ကော အခုအမေရိကန်ဘက်ကတော့ သူတို့က (Engagement) ဘက်ကိုလည်း စဉ်းစားလာပြီဆိုတော့ အရေးကြီးတဲ့ ပေါ်လစီ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ရပ်တည်ချက်တွေ ပြောင်းလဲဖို့ရှိလားဘာတွေဆက်လုပ်မှာလဲ။

**ဦးအောင်မိုးဇော်**။ ။ ယေဘုယျ ကျနော်တို့အဖွဲ့အစည်းအသီးသီးက သဘောထားတွေ သိရှိလာတာကတော့ လက်ရှိခုနကလို ထားရှိတဲ့ စီးပွားရေးပိတ်ဆို့မှု ဆက်လက်ထားဖို့လိုအပ်တယ်။ နောက် အမေရိကန်ပြည်ထောင်စုအနေနဲ့ ကနေ့ နအဖ လုပ်မယ့် ရွေးကောက်ပွဲလိုဟာမျိုး သူတို့လုပ်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံဟာမျိုး ကန့်ကွက်ဖို့လိုတယ်။ ဒီအခြေအနေတွေရဲ့အောက်မှာ ကျနော်တို့ ခုနကလိုဟာမျိုး တိုင်းပြည်အပြောင်းအလဲအတွက် နည်းလမ်းရှာတာ၊ ဒီအခြေအနေတွေရဲ့အောက် (Critically) ဒါ ကို (Engage) လုပ်ဖို့ ကြိုးစားတဲ့ကိစ္စတွေကို လုပ်ပေးတဲ့ကိစ္စတွေဆိုတော့ ကျနော်တို့များသောအားဖြင့် ကျနော်တို့က အဲ့လိုပဲ မြင်ပါတယ်။

# တလအတွင်း သတင်းမှတ်စု

## မြန်မာ

- ☐ ရန်ကုန် လှိုင်တက္ကသိုလ်နယ်မြေ ခပေါင်းဆောင်မှ ကျောင်းသားတစ်ဦးနှင့်တက္ကသိုလ်ဆရာတစ်ဦးကို ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် အာဏာပိုင်များက ဖမ်းဆီးသွားသည်ဟု လှိုင်တက္ကသိုလ်ဝင်းအနီး အဆောင်နေကျောင်းသား တစ်ဦးက ပြောသည်။ (DVB 010209)
- ☐ ယနေ့ကြုံတွေ့နေရသည့် လူထုအကျပ်အတည်းနှင့်ပတ်သက်၍ ဖြေရှင်းနိုင်ရန် လူထုပါဝင်နိုင်သည့်လှုပ်ရှားမှုများကို မကြာမီ ဖေါ်ဆောင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာ၊ ရမည်းသင်းနှင့်မြင်းခြံ (၃)ခရိုင်တို့က စတင်ကြိုးပမ်းနေပြီဟု မိတ္ထီလာမြို့ နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ (DVB 010209)
- ☐ နအဖအနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို လက်တွေ့မလုပ်ဆောင်နိုင်သေးသမျှ ကရင်အမျိုးသားအစည်းအရုံး KNU သည် ကရင်အမျိုးသားများ၏ ဆန္ဒနှင့်အညီ အုပ်စိုးသူ စစ်အစိုးရကို ခုခံတော်လှန်စစ်ဖြင့် ဆက်လက်တိုက်ပွဲဆင်နွှဲနေရဦးမည်ဟု ယခင်လ(၃၁)ရက်နေ့တွင်ပြုလုပ်သည့် နှစ်(၆၀)ပြည့် ကရင့်တော်လှန်ရေးနေ့တွင် ကရင့်အမျိုးသားအစည်းအရုံး KNU ဥက္ကဌ စောတာမလာဘောက ပြောသည်။ (NEJ 020209)
- ☐ နအဖ စစ်အစိုးရက ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်သွားကြရန် လှုံ့ဆော်သည့် ပိုစတာကပ်လှုပ်ရှားမှုတစ်ခုကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ (RFA 040209)
- ☐ Change New Government (CNG ) ဟု ရေးသားထားသည့်စာများကို ရန်ကုန်မြို့၏ လူစည်ကားရာနေရာများတွင် မျိုးဆက်သစ်လူငယ်များ အစည်းအရုံး Generation Wave က ယနေ့နံနက်တွင် ဖြန့်ဝေသည်ဟု ယင်းအဖွဲ့ဝင်များက ပြောသည်။ (DVB/ RFA 050209)
- ☐ နအဖ စရဖ ညွှန်ချုပ် ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့၏ လက်နက်ကြီးအချို့ကို ဇန်နဝါရီလ (၁၉) ရက်နေ့က ပန်ဆန်းမြို့တွင် ဝ သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ UWSA က ယာယီဖြုတ်သိမ်းသည့်နောက်ပိုင်း UWSA ၊ မိုင်းလားတပ်ဖွဲ့နှင့် နအဖတို့အကြား ဆက်ဆံရေးအေးတိအေးစက်ကျဲလာကာ နှစ်ဘက်စလုံး စစ်ရေးပြင်ဆင်မှု၊ အင်အားဖြည့်တင်းမှု၊ လုံခြုံရေးတင်းကျပ်မှုနှင့် တပ်လှန့်မှုများ ပိုမိုလုပ်ဆောင်လာကြောင်း တရုတ်နယ်စပ်သတင်းရပ်ကွက်က ဆိုသည်။ (S.H.A.N 060209)
- ☐ ယခုနှစ်ဆန်းပိုင်းမှစ၍ UWSA က 'မြန်မာနိုင်ငံတော် ဝ ပြည်နယ်အစိုးရအထူးအုပ်ချုပ်ရေးဒေသ' ဟု စတင်သုံးစွဲ ခဲ့ခြင်း၊ ပြီးခဲ့သည့် လကုန်ပိုင်းက ရန်ကုန်ဆိပ်ကမ်းရှိ ကုန်တင်သင်္ဘောတစ်စီးပေါ်မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးများနှင့်ဆက်နွှယ်သူဟု ယူဆရသူတစ်ဦးကို UWSA က အကာအကွယ်ပေးထားခြင်းတို့ကြောင့် နအဖ က မကျေမနပ်ဖြစ်ပြီး ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ထိန်းချုပ်ရာဒေသအနီးတွင် ပြီးခဲ့သည့် လလယ်ပိုင်းမှစ၍ တပ်အင်အား(၂၀၀၀)ခန့် ဖြန့်ချထားသည်ဟု သျှမ်းသံတော်ဆင့် သတင်းဌာန လက်ထောက်အယ်ဒီတာ ဦးစိန်ကြည်က ပြောသည်။ (Irrawaddy 100209)
- ☐ ဖေဖေါ်ဝါရီလ (၁၄) ရက်နေ့ ချစ်သူများနေ့တွင် ငြိမ်းချမ်းသည့် ချစ်ခြင်းသင်္ကေတအထိမ်းအမှတ်အဖြစ် နှင်းဆီပန်းများကို ဘုရားကျောင်းကန်များတွင် လှူဒါန်းကြရန်၊ နှင်းဆီပန်းပုံပါသည့် ပို့စကတ်များတွင် ဆုတောင်းမေတ္တာပို့သ စာများ ရေးသားဖြန့်ဝေကြရန်နှင့် အသုံးအဆောင်ပစ္စည်းများတွင် ချိတ်ဆွဲတပ်ဆင်ကြရန် မျိုးဆက်သစ်လူငယ်များ အစည်းအရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ်နှင့် လူထုတစ်ရပ်လုံးအတွက် စတေးခံ အကောင်းဆုံးမြေသြဇာအဖွဲ့တို့က တိုက်တွန်းပြောဆိုလိုက်သည်။ (DVB 100209)
- ☐ မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြို့တွင် မကျင်းပရန် အာဏာပိုင်များက ပိတ်ပင်ခဲ့သည်ဟု ရန်ကုန်မြို့မှ မွန်အမျိုးသားနေ့ကျင်းပရေးပွဲစီစဉ်သူတစ်ဦးက ပြောသည်။ (DVB 100209)
- ☐ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲ၍ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် တိုင်းရင်းသားလူမျိုးစုများနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ကျင်းပပြုလုပ်မှသာလျှင် မြန်မာနိုင်ငံတွင် စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ်ကို ပြန်လည်ရှင်သန်စေမည်ဟု ပြည်ပရောက်တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ပြောဆိုလိုက်သည်။ (Mizzima 110209)
- ☐ ဝ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ UWSA သည် အခြေခံဥပဒေကို လက်ခံသော်လည်း ရွေးကောက်ပွဲဝင်ပြိုင်ရေးကို မဆုံးဖြတ်ရသေးဟု UWSA ပြောခွင့်ရသူ ဦးအောင်မြင့်က ပြောသည်။ (DVB 140209)
- ☐ နအဖ စစ်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD တို့ တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဌက တောင်းဆိုနေသော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာယူထားသမျှ ကာလပတ်လုံး တွေ့ဆုံဆွေးနွေးပွဲဖြစ်ရန် အလားအလာနည်းသည်ဟု ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ပြောသည်။ (NEJ 200209)
- ☐ မြန်မာပြည်တွင်းရှိ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ UNA က မြန်မာစစ်အစိုးရမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအား ကန့်ကွက်ကြောင်း ယနေ့ထုတ်ဖေါ်ပြောဆိုလိုက်သည်။ (Mizzima 200209)

- ☐ နအဖ စစ်အစိုးရက အကျဉ်းသား (၆,၀၀၀)ကျော်လွှတ်သည့်အထဲတွင် နိုင်ငံရေးအကျဉ်းသား (၁၀)ဦးကျော်သာ ပါဝင်ဝင်သည်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်က ပြစ်တင်ဝေဖန်လိုက်သည်။ (DVB 210209)
- ☐ "မှန်တာတွေချည်း အမြဲတမ်းမပေးနိုင်သည့်တိုင်အောင် မှားမှန်းသိသိကြီးနဲ့ သတင်းမှားတွေ ပြည်သူလူထုကို မပေးနိုင်အောင် လုံးဝရှောင်ကျဉ်ကျပါ။ သတင်းသမားကောင်းဆိုတာ အမှန်တရားဘက်က ဘက်လိုက်ရမယ်။ နောက်တစ်ခုက ပြည်သူလူထုရဲ့ မျက်နှာကို ကြည့်ကြပါ။ သူ့ခိုးခါးရိုးကမ်းတဲ့ အလုပ်မျိုးတော့ မလုပ်ကြပါနဲ့" စသည့် သတင်းစာဆရာကြီး လူထုဦးစိန်ဝင်း၏ အမှာစကားအဖွင့် ဗွီဒီယိုနှင့် (၆)ကြိမ်မြောက် မြန်မာသတင်း ညီလာခံ ဒုတိယနေ့ အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ယနေ့ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ (DVB 220209)
- ☐ ယခုနှစ် ဘတ်ဂျက်အကုန် မတ်လတွင် ပညာရေးနှင့် စစ်တပ်ဌာနဆိုင်ရာများတွင် ဝန်ထမ်းလစာများ ထပ်တိုးပေးမည်ဖြစ်ကြောင်းနှင့် ကျန်ဝန်ထမ်းဌာနများမပါဘူးဟု ဝန်ထမ်းများကြား သတင်းများထွက်ပေါ်နေသည်။ (DVB 230209)
- ☐ ၂၀၁၀ ရွေးကောက်ပွဲကို ရခိုင်အမျိုးသမီးများအစည်းအရုံး RWU က ဘက်ပေါင်းစုံမှ ဆန့်ကျင်သွားရန် ယခုလ (၁၉)ရက်နေ့မှ (၂၁) ရက်နေ့အထိ (၃)ရက်ကြာကျင်းပသည့် တတိယအကြိမ်မြောက်ညီလာခံတွင် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။ (DVB 230209)

## မြန်မာ–နိုင်ငံတကာ

- ☐ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးမလုပ်ပဲ လလမ်းပြမြေပုံ (၇)ချက်အတိုင်း တဖက်သတ်ဆောင်ရွက်မည်ဆိုလျှင် ၂၀၁၀ ရွေးကောက်ပွဲ အသစ်ကို စဉ်းစားမည်မဟုတ်ဘူးဟု မစ္စတာ Ibrahim Gambari နှင့် ယနေ့တွေ့ဆုံရာတွင် တင်ပြလိုက်သည်ဟု ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ပြောသည်။ (DVB 020209)
- ☐ ဟောလိဝုဒ်မှ နာမည်ကြီး သရုပ်ဆောင်မင်းသမီး၊ မင်းသားများဖြစ်ကြသည့် Angelina Jolie နှင့် Brad Pitt တို့ ဇနီးမောင်နှံနှစ်ဦးသည် ယမန်နေ့က ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်ရှိ ကရင်နီဒုက္ခသည်စခန်းအမှတ် (၁)သို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (RFA 050209)
- ☐ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ Ibrahim Gambari အား နအဖ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောဆိုချက်များကို ကြည့်လျှင် ကုလသမဂ္ဂ၏ကမ်းလှမ်းချက်များကို အနုနည်းဖြင့် ငြင်းပယ်ခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခွင့်တောင်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း ရာဇသံပေးသည့် သဘောဆောင်သည်ဟု အတိုက်အခံအချို့က ယုံကြည်သည်။ (NEJ 050209)
- ☐ မြန်မာစစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအကြား ကြိုတင်သတ်မှတ်ချက်များမထားပဲ အကျိုးဖြစ်ထွန်းမည့် တွေ့ဆုံဆွေးနွေးမှုများ မြန်မြန်စတင်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းတောင်းဆို လိုက်သည်။ (DVB 060209)
- ☐ မြန်မာနိုင်ငံတွင် ရှေ့မတိုးနောက်မဆုတ်သာ သောင်တင်နေသည့် နိုင်ငံရေးပဋိပက္ခများသည် တိုင်းရင်းသားအရေးကို ထည့်သွင်းပြောဆိုမှုမလုပ်ဆောင်သရွေ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်လမ့်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် Mon National League for Solidarity(MNLS)အဖွဲ့က ပြောဆိုလိုက်သည်။ (Kantarawaddy Times 100209)
- ☐ မကြာမီရက်ပိုင်းအတွင်းမှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံနယ်ဘက်သို့ ကင်းထောက်လေယာဉ်များနှင့် ပျံသန်းစောင့်ကြည့်မှု ပိုမိုပြုလုပ်လာပြီး မြန်မာဘက်ကလည်း နယ်စပ်အနီးတွင် တပ်အင်အားတိုးထားသည်ဟု ဘင်္ဂလားဒေ့ရှ်အခြေစိုက် နိရဉ္စရာသတင်းဌာန အယ်ဒီတာ ခိုင်မြတ်ကျော်က ပြောသည်။ (Irrawaddy 110209)
- ☐ နာဂစ်မုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး ဒေါ်လာ (၆၉၁)သန်း ကုန်ကျမည်ဟု သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ယခုလ (၉)ရက်နေ့တွင်ပြုလုပ်သည့် ဘန်ကောက်မြို့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (Irrawaddy 110209)
- ☐ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် တောမတ်စ်အိုဂျီ ကွင်းတားနားသည် ယခုလ(၁၄)ရက်နေ့မှ (၁၉)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်များသို့ပါ သွားရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂရုံးမှ ကြေညာလိုက်သည်။ (Mizzima 130209)
- ☐ မြန်မာနိုင်ငံသို့ (၆) ရက်ကြာခရီးရောက်ရှိနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ Tomas Quintana ၏ ၂၀၀၈ ခုနှစ်က စစ်အစိုးရအပေါ် အကြံပေးချက်များ မအောင်မြင်ဟု ရန်ကုန်မြို့မှ ဝါရင့်နိုင်ငံရေးသမားကြီး ဦးမင်းလွင်က ပြောသည်။ (NEJ 160209)
- ☐ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် ကန်ပိုက်တီးတောင်ကြားနှင့် ပန်းဝါတောင်ကြားတွင် ပြီးခဲ့သည့် အပတ်တွင်းက စတင်လောင် ကျွမ်းနေသည့် တောမီးသည် ယခုဆိုလျှင် တရုတ်ပြည် ယူနန်နယ်အတွင်းကို စတင်ကူးစက် လောင်ကျွမ်းနေပြီဖြစ်သည်ဟု သိရသည်။ (DVB 230209)

**(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ထုတ်နှုတ်ဖော်ပြသည်။**